

သင်၏

# "ကျွန်ုပ် စုငွေများကို တိုးမြှင့်ပေးပါ"

# ကို တောင်းဆိုပါ။

ပိုက်ဆံ

## ဖဟိုအစိုးရ လုပ်အားဝင်ငွေခွန် ခရက်ဒစ် (Earned Income Tax Credit, EITC) ဖြင့် $8,046 အထိ ပြန်ရယူလိုက်ပါ။

### သင်၏ ဤအချက်များကို အခြေခံ၍ EITC ကို သင် လက်ခံရရှိနိုင်ပါသည်-

**အခွန်ဆောင်ခြင်းဆိုင်ရာ အခြေအနေပြ**

သင့်တွင် မှန်ကန်သော လူမှုဖူလုံရေး နံပါတ်တစ်ခု ရှိသည်။

**ဝင်ငွေ ပမာဏ**

သင်သည် 2025 တွင် လူလွတ်ဖြစ်ပါက အလုပ်တစ်ခုမှ $61,555 အောက် သို့မဟုတ် အိမ်ထောင်ရှိပြီး ပူးတွဲ အခွန်ဆောင်နေပါက $68,675 အောက် ဝင်ငွေ ရရှိခဲ့သည်။

**သတ်မှတ်ချက်မီမှု**

သင့်တွင် မှီခိုသူများ မရှိပါက သင်သည် အနည်းဆုံး အသက် 25 နှစ်ဖြစ်ရမည်ဖြစ်သော်လည်း 65 အောက် ဖြစ်ရပါမည်။ သင် အသက်ပိုငယ် သို့မဟုတ် အသက်ပိုကြီးသော်လည်း မှီခိုသူများအတွက် သင် တောင်းဆိုနေပါက သင် အရည်အချင်းမီနိုင်ပါသည်။

## အခမဲ့ ဖိုင်တွဲတင်ပြလိုက်ပါ။

သင့်ပြန်အမ်းငွေကို တောင်းခံရန် ငွေမပေးလိုက်ပါနှင့်။ Philly သည် EITC နှင့် အခြား ပြန်အမ်းငွေများကို အဖိုးအခ မလိုဘဲ သင် တောင်းခံနိုင်စေရန် ကူညီပေးနိုင်သည့် မိတ်ဖက်များအား ယုံကြည်အပ်နှံထားပါသည်။ Campaign for Working Families သို့မဟုတ် Ceiba ထံသို့ ဆက်သွယ်ရန် **ClaimYourMoneyPHL.com** သို့ သွားပါ။

**Office of Community Empowerment and Opportunity**
CITY OF PHILADELPHIA

၎င်းသည် အချို့သော ဝင်ငွေ သတ်မှတ်ချက်များ ပြည့်မီသည့် အလုပ်လုပ်နေသူများနှင့် မိသားစုများအတွက် ဖဟိုအစိုးရ အခွန် ပြန်အမ်းငွေ ဖြစ်ပါသည်။ မြှုပ်ကွက် မရှိပါဘူး။ အနှောင်အဖွဲ့ မရှိပါဘူး။ သင် အလိုရှိသလို အသုံးပြုနိုင်သော ငွေဖြစ်ပြီး ၎င်းကို သင် အခမဲ့ တောင်းဆိုနိုင်ပါသည်။

နှစ်စဉ် Philadelphia ပြည်သူ 40,000 ကျော်သည် ၎င်းတို့၏ ပြန်အမ်းငွေကို တောင်းဆိုရန် လွဲချော်နေကြပါသည်။ ပျမ်းမျှ ပြန်အမ်းငွေသည် $2,743 ဖြစ်သည်။ အဆိုပါငွေက သင့်ငွေ ဖြစ်နိုင်ပြီး ဖြစ်သင့်သည့်အချိန်၌ ထိုငွေကို အစိုးရ၏ အိတ်ကပ်ထဲတွင် ချန်ထားပေးစရာ အကြောင်း မရှိပါဘူး။ သင့်တွင် ကလေးများ ရှိပါက ကလေးအခွန်ခရက်ဒစ် (Child Tax Credit) အတွက်လည်း သင် အရည်အချင်းမီနိုင်ပါသည်။

## ဤအခွန်ရာသီအတွက် အသစ်-

သင်သည် အလုပ်လုပ်နေသော ပန်ဆယ်ဗေးနီးယားပြည်သူများ အခွန် ခရက်ဒစ် (Working Pennsylvanians Tax Credit၊ WPTC) ဟု ခေါ်သည့် ပြည်နယ်အခွန် ခရက်ဒစ်အသစ်တစ်ခုမှတစ်ဆင့် $805 အထိ လက်ခံရရှိရန် သတ်မှတ်ချက်မီနိုင်ပါသည်။ ဖဟိုအစိုးရ EITC အတွက် သင် အရည်အချင်းမီပါက သင်၏ ဖဟိုအစိုးရ EITC ၏ 10% တန်ကြေးရှိသော ပြည်နယ် အခွန် ခရက်ဒစ်အတွက် သင် အလိုအလျောက် အရည်အချင်းမီပါမည်။

## အခွန်ရာသီ စနေပါပြီ။

### အခွန်ဆောင်ရန် သတ်မှတ်နောက်ဆုံးရက်သည် ဧပြီလ 15 ရက် ဖြစ်သည်။

**လက်တွဲလုပ်ကိုင်သူများ**

CWFphilly.org CeibaPhiladelphia.org

စာရွက်စာတမ်း အချက်အလက်များကို အခြား ဘာသာစကားများဖြင့် ရယူလိုပါက ဤနေရာကို စကန်ဖတ်ပါ သို့မဟုတ် **ClaimYourMoneyPHL.com** သို့ ဝင်ကြည့်ပါ။



သင်၏

# "ရေခဲသေတ္တာထဲတွင် စားသောက်ဖွယ်များ ဖြည့်ပေးပါ" ကို တောင်းဆိုပါ။

ပိုက်ဆံ

## ဖက်ဒရယ်အစိုးရ ကလေး အခွန် ခရက်ဒစ် (Child Tax Credit, CTC) ဖြင့် ကလေးတစ်ဦးလျှင် $2,200 အထိ ပြန်ရယူလိုက်ပါ။

## CTC နှင့် ပတ်သက်ပြီး သိထားသင့်သော အချက်များ-

- **မိဘ သို့မဟုတ် အုပ်ထိန်းသူများစွာက ခံစားခွင့်ရှိကြပါသည်။** သင့်ကလေးတွင် လူမှုဖူလုံရေးနံပါတ်ရှိပြီး သူသည် 2025 ခုနှစ်တွင် အသက် 17 နှစ်အောက်ဖြစ်ပါက သင် အရည်အချင်းမီနိုင်ပါသည်။ အဖိုးအဖွားများ၊ ရာသက်ပန်မွေးစားထားသောနှင့် ယာယီမွေးစားထားသော မိဘများနှင့် အခြားလူများသည် ကလေးများကို မှီခိုသူများအဖြစ် အခိုင်အမာ ဖော်ပြနိုင်ပါက အရည်အချင်းမီနိုင်ပါသည်။
- **သင် ငွေ အများကြီး မရှာနိုင်ပါက ပြဿနာ မရှိပါဘူး။** သင်က အခွန်ပေးဆောင်ရန် လုံလုံလောက်လောက် ငွေမရှာနိုင်လျှင်ပင် CTC ငွေပမာဏ၏ တစ်စိတ်တစ်ပိုင်းအတွက် သတ်မှတ်ချက်မီနိုင်ပါသည်။ သင် သတ်မှတ်ချက်မီ၊ မမီကို ကျွန်ုပ်တို့က ကူညီ၍ ဆုံးဖြတ်ပေးနိုင်ပါသည်။
- **၎င်းက သင့် အကျိုးခံစားခွင့်များအပေါ် သက်ရောက်မှုရှိမည်မဟုတ်ပါ။** CTC ငွေများကို ဝင်ငွေအဖြစ် ထည့်မတွက်ဘဲ ၎င်းက SNAP၊ Medicaid သို့မဟုတ် အခြား အကျိုးခံစားခွင့်များအတွက် သင်၏ သတ်မှတ်ချက်မီမှုအပေါ် သက်ရောက်မှုရှိမည်မဟုတ်ပါ။
- **၎င်းကို ပြန်လည်ပေးချေစရာ မလိုပါဘူး။** ဤငွေများက သင့် မိသားစု လိုအပ်သမျှအရာတိုင်းအတွက် လွတ်လွတ်လပ်လပ် သုံးနိုင်သော ငွေ ဖြစ်ပါသည်။
- **ယခင်နှစ်များအတွင်း CTC ကို လွဲချော်သွားခဲ့ပါသလား။** 2022၊ 2023 သို့မဟုတ် 2024 အတွက် သင် အခွန်မဆောင်ခဲ့ပါက ဒေါ်လာထောင်ချီ သင် လက်လွတ်သွားခဲ့ပြီးဖြစ်နိုင်ပါသည်။ $0 မျှသာ ငွေရှာနိုင်သော မိဘအချို့က အရည်အချင်းမီခဲ့ပါသည်။ ယခင်နှစ်၏ အခွန်စည်းကြပ်ငွေကို ဖိုင်တွဲတင်ပြရန်နှင့် သင်လွဲချော်သွားခဲ့သော ခရက်ဒစ်များကို တောင်းခံရန် ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ပါ။

## အခမဲ့ ဖိုင်တွဲတင်ပြလိုက်ပါ။

သင့်ပြန်အမ်းငွေကို တောင်းခံရန် ငွေမပေးလိုက်ပါနှင့်။ Philly သည် EITC နှင့် အခြား ပြန်အမ်းငွေများကို အဖိုးအခ မလိုဘဲ သင် တောင်းခံနိုင်စေရန် ကူညီပေးနိုင်သည့် မိတ်ဖက်များအား ယုံကြည်အပ်နှံထားပါသည်။ Campaign for Working Families သို့မဟုတ် Ceiba ထံသို့ ဆက်သွယ်ရန်

**ClaimYourMoneyPHL.com** သို့ သွားပါ။

စာရွက်စာတမ်း အချက်အလက်များကို အခြား ဘာသာစကားများဖြင့် ရယူလိုပါက ဤနေရာကို စကန်ဖတ်ပါ သို့မဟုတ် **ClaimYourMoneyPHL.com** သို့ ဝင်ကြည့်ပါ။

Office of Community Empowerment and Opportunity
CITY OF PHILADELPHIA

ကလေးများ၏ မိဘများ သို့မဟုတ် အုပ်ထိန်းသူများသည် CTC ကို တောင်းဆိုခြင်းဖြင့် ပိုများသော အခွန်ပြန်အမ်းငွေကို လက်ခံရရှိနိုင်သည်။ သတ်မှတ်ချက်မီမှု စံနှုန်းနှင့် ပြန်အမ်းငွေပမာဏတို့ မကြာသေးမီက ပြောင်းလဲသွားသောကြောင့် သင် သတ်မှတ်ချက်မီ၊ မမီ သိနိုင်စေရန် ကျွန်ုပ်တို့ထံသို့ ယနေ့ပဲ ဆက်သွယ်လိုက်ပါ။ သင့်ငွေများကို သင် အခမဲ့ တောင်းဆိုနိုင်ဆဲ ဖြစ်ပါသည်။

## ဤအခွန်ရာသီအတွက် အသစ်-

သင်သည် အလုပ်လုပ်နေသော ပန်ဆယ်ဗေးနီးယားပြည်သူများ အခွန် ခရက်ဒစ် (Working Pennsylvanians Tax Credit, WPTC) ဟု ခေါ်သည့် ပြည်နယ်အခွန် ခရက်ဒစ်အသစ်တစ်ခုမှတစ်ဆင့် $805 အထိ လက်ခံရရှိရန် သတ်မှတ်ချက်မီနိုင်ပါသည်။ ဖက်ဒရယ်အစိုးရ EITC အတွက် သင် အရည်အချင်းမီပါက သင်၏ ဖက်ဒရယ်အစိုးရ EITC ၏ 10% တန်ကြေးရှိသော ပြည်နယ် အခွန် ခရက်ဒစ်အတွက် သင် အလိုအလျောက် အရည်အချင်းမီပါမည်။

## အခွန်ရာသီ စနေပါပြီ။

**အခွန်ဆောင်ရန် သတ်မှတ်နောက်ဆုံးရက်သည် ဧပြီလ 15 ရက် ဖြစ်သည်။**

**လက်တွဲလုပ်ကိုင်သူများ**

CWF CAMPAIGN FOR WORKING FAMILIES
Ceiba

CWFphilly.org
CeibaPhiladelphia.org